
Translator-တာယော(Myth Horizon)
စာဖတ်ရှင်းနဲ့ အဆင့်တက်မယ်
အခန်း-၁၇

# အခန်း (၁၆၁)
# နဂါးငါးဖြူနှင့် ရေအောက်ရတနာ
*

လော့ရွှေမြစ်…

ရေပြင်အထက်၌ လှိုင်းတံပိုးများ ရုံဖန်ရုံခါ ထကြွနေတတ်သော်လည်း ရေအောက်တွင်မူ ထူးခြားစွာ ငြိမ်သက်နေပုံရ၏။ သို့တိုင် ထိုငြိမ်သက်မှုများ နောက်ကွယ်၌ အန္တရာယ်များစွာ ပုန်းကွယ်နေလေသည်။

လောင့်ရွှေမြစ်မှာ ကြီးမားပြီး ကျယ်ပြောလွန်းလှ၏။ ရေအောက် မြေမျက်နှာသွင်ပြင်မှာလည်း

ရှုပ်ထွေးလှပြီး ခန့်မှန်းရခက်သော ရေစီးကြောင်းများ ရှိနေလေသည်။

...

တစ်ကြိမ်တစ်ခါမျှ ထိုအထဲ သက်ဆင်းမိသွားပါက လူ့ခွန်အားမှာ ကန့်သတ်ချက်ရှိပြီး သဘာဝတရား၏ စွမ်းအားကသာ အဆုံးအစမဲ့ဖြစ်ကြောင်း သဘောပေါက်သွားပေလိမ့်မည်။ ရေစီးကြောင်းကို ထိန်းချုပ်နိုင်ခြင်းမှာ ရေအောက် ရတနာရှာဖွေသူတိုင်းအတွက် အခြေခံအကျဆုံး ကျွမ်းကျင်မှု တစ်ခုပင်။

တောင်အနီး နေထိုင်လျှင် တောင်ကို အားကိုးရမည်၊ ရေအနီး နေထိုင်လျှင် ရေကို အားကိုးရမည်ဟူသော စကားအတိုင်းပင်။ လော့ရွှေမြစ်ကမ်းပါး တစ်လျှောက်တွင် လူအများအပြား

မှာ ဤမြစ်ကြီးကို အားကိုး၍ အသက်မွေးဝမ်းကျောင်းပြုကြ၏။

တံငါသည်များစွာ ရှိသကဲ့သို့ ရေအောက် ရတနာရှာဖွေသူများနှင့် စွန့်စားသူများလည်း အများအပြား ရှိနေပေသည်။

လော့ရွှေမြစ်ကမ်းပါးတစ်လျှောက် နေထိုင်ကြသော ဒေသခံများ အားလုံးက ဤရေပြင် အောက်၌ ချက်ချင်း ကြီးပွားချမ်းသာနိုင်သည့် အခွင့်အရေးများစွာ ရှိနေကြောင်း ကောင်းစွာ သိရှိထားကြသည်။

ဝိညာဉ်ငါး တစ်ကောင်ကို ဖမ်းဆီးမိခြင်းဖြစ်စေ၊ ရေအောက်ရှိ ကောင်းကင်နှင့် မြေကြီး၏ ရတနာများကို ရှာဖွေတွေ့ရှိခြင်းဖြစ်စေ၊ သို့မဟုတ် အမည်မသိ သဘော်ပျက် တစ်စင်းကို

တွေ့ရှိခြင်းဖြစ်စေ... မည်သည့်အရာကမဆို လူတစ်ယောက်ကို ညတွင်းချင်း သူဌေးဖြစ်သွားစေနိုင်သည် မဟုတ်ပါလား။

ထိုအချိန်တွင်...

ရေပြင်အထက်၌ နှစ်ထပ် အိမ်သဘော်ကြီးတစ်စင်းက တိတ်ဆိတ်စွာ ကျောက်ချရပ်နားလျက်ရှိသည်။

သဘော်၏ ကုန်းပတ်ပေါ်တွင် အလံတစ်ခုက လေတိုက်တိုင်း တလူလူ လွင့်ခတ်နေ၏။ ဘေးမှကြည့်လိုက်လျှင် အလံပေါ်၌ ရေးဆွဲထားသောလှုပ်ရှားနေသည့် မြွေစိမ်းပုံကို ရှင်းလင်းစွာ မြင်တွေ့နိုင်ပေသည်။

ဒေသန္တရ ဗဟုသုတ အနည်းငယ် ရှိသူတိုင်း ဤသည်မှာ လော့ရွှေခရိုင်ရှိ မြစိမ်းရောင်မြွေ

ဂိုဏ်း၏ သဘော်မှန်း ကောင်းစွာ သိရှိကြသည်။

"ဂိုဏ်းချုပ်... ဒီကောင်က သဘော်ပျက်ကို ဒီနေရာ ရေအောက်မှာ တွေ့ခဲ့တာလို့ ပြောပါတယ်"

နှာခေါင်းချွန်ချွန်နှင့် မျောက်ပါးစပ်ရှိသော လူတစ်ယောက်က အသားမည်းမည်းနှင့် လူတစ်ယောက်အား ရှီရှောင်ယွမ် အရှေ့သို့ ဆွဲခေါ်လာရင်း သတင်းပို့လိုက်၏။

ထို့နောက် သူက လက်ကို ပစ်လွှတ်လိုက်ရာ အသားမည်းမည်း လူမှာ ယိုင်နဲ့သွားပြီး သဘော်ကုန်းပတ်ပေါ်သို့ လဲကျသွားတော့သည်။

အပြင်ပန်း ရုပ်သွင်ကို ကြည့်ရုံဖြင့် ထိုအသားမည်းမည်းနှင့်လူမှာ ရေပြင်ထက်၌ နှစ်ပေါင်းများစွာ အသက်ရှင်ရပ်တည်ရေးအတွက်

ရှန်းကန်လှုပ်ရှားနေရသူ တစ်ယောက်မှန်း သိသာထင်ရှားလှသည်။ အချိန်ကြာမြင့်စွာ နေပူလေဟပ် ခံခဲ့ရသောကြောင့် ဤကဲ့သို့ အသားအရောင်မျိုး ဖြစ်တည်လာခြင်းပင်။

ယခုအခါ ကုန်းပတ်ပေါ်သို့ လဲကျသွားချိန်တွင် သူ့မျက်နှာထက်၌ နာကျင်မှု အရိပ်အယောင်များ ချက်ချင်း ထွက်ပေါ်လာ၏။ ပတ်တီး စည်းနှောင်ထားသော ဘယ်ဘက် လက်မောင်းရှိ ဒဏ်ရာမှာ ယခုအထိအခိုက်ကြောင့် ပြန်လည် ပေါက်ပြဲသွားပြီး နီရဲသော သွေးများ စိမ့်ထွက်လာသည်ကို ရှင်းလင်းစွာ မြင်တွေ့နိုင်လေသည်။

"ဒါဆို အောက်က သင်္ဘောပျက်ထဲမှာ သံရိုင်းတွေကို တွေ့ခဲ့တာ မင်းပေါ့လေ" ရှီရှောင်ယွမ်က သူ့အရှေ့ရှိ အသားမည်းမည်းနှင့် လူအား ခပ်စိမ်း

စိမ်း စိုက်ကြည့်လိုက်၏။

"ဂိုဏ်းချုပ်က မေးနေတယ်လေကွာ..." နှာခေါင်းချွန်ချွန်နှင့် လူက ထိုသူအား ခြေဖြင့် တစ်ချက် ကန်ကျောက်လိုက်သည်။

ဤရိုက်ချက်ကြောင့် ထိုသူ၏ မျက်နှာထက်ရှိ နာကျင်မှုမှာ ပိုမို ပြင်းထန်သွားရတော့သည်။

သို့တိုင် သူက ဆက်လက် တုံ့ဆိုင်းမနေဝံ့တော့ပေ။ အဘယ်ကြောင့်ဆိုသော် သူ့မိသားစုနှင့် ကလေးများမှာ ယခုအခါ မြစိမ်းရောင်မြွေဂိုဏ်း၏ လက်အောက်သို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။

သူ့စွမ်းရည်မှာ သိုင်းပညာ အစပျိုးအဆင့်သို့ပင် မရောက်ရှိသေးရာ နာမည်ဆိုးဖြင့် ကျော်ကြားသော ဤမြစိမ်းရောင်မြွေဂိုဏ်း အရှေ့တွင်

ပြန်လည် ခုခံနိုင်စွမ်း လုံးဝ မရှိချေ။

ထို့ကြောင့် အသားမည်းမည်းနှင့် လူလည်း အလျင်အမြန် တုံ့ပြန်လိုက်သည်။

"ဂိုဏ်းချုပ်ကို အစီရင်ခံပါတယ်... ကျွန်တော် အမှန်တကယ် မြင်တွေ့ခဲ့တာပါ"

ထိုသေချာသော အဖြေကို ကြားလိုက်ရသည်နှင့် ရှီရှောင်ယွမ်၏ မျက်နှာထက်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုတို့ တောက်ပသွား၏။

သံရိုင်းဆိုသည်မှာ အလွန် အရေးပါလှသော သယံဇာတ တစ်ခုပင်။ ထိုကဲ့သို့သော အရင်းအမြစ်မျိုးကို အမြဲတမ်း ဝယ်လိုအား ရှိနေတတ်သည်။ သံရိုင်းများ အပြည့် ပါဝင်သော သိုလှောင်ရုံ တစ်ရုံမှာ သူ့အတွက်ပင် ကြီးမားသော စည်းစိမ်ဥစ္စာတစ်ခု ဖြစ်နေသည်

မဟုတ်ပါလား။

ချက်ချင်းပင် သူက ထပ်မံ အမိန့်ပေးလိုက်သည်။

"အသေးစိတ် ထပ်ပြောပြစမ်း... အဲဒီအချိန်တုန်းက ဘာတွေဖြစ်ခဲ့လဲဆိုတာ သေချာရှင်းပြ"

"ဟုတ်ကဲ့ပါ" အသားမည်းမည်းနှင့်လူ၏ မျက်နှာမှာ အနည်းငယ် ဖြူဖျော့သွားပြီး နာကျင်မှုကို အံကြိတ်ခံကာ ဆက်ပြောပြလေသည်။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က ကျန်းကျို၊ ဝမ်ချန်နဲ့ တခြားလူတွေ ကျွန်တော်နဲ့အတူ ရေအောက်ကို ငုပ်ဆင်းတုန်းက အဲဒီ သင်္ဘောပျက်ကို မတော်တဆ ရှာတွေ့ခဲ့တာပါ"

"အဲဒီအချိန်တုန်းက ကျွန်တော်တို့ အဖွဲ့လည်း မျှော်လင့်ချက် သိပ်မထားခဲ့ပါဘူး... ဒါပေမဲ့

သဘော်ပျက်ထဲကို ဝင်သွားတဲ့ အခါမှာတော့ အတွင်းထဲမှာ သံရိုင်းတွေ အပြည့်ပါတဲ့ သိုလှောင်ရုံ တစ်ခုကို တွေ့လိုက်ရတယ်"

"ဒါပေမဲ့ ကျွန်တော်တို့ ဝမ်းသာအားရ ဖြစ်နေတုန်းမှာပဲ နဂါးငါးဖြူ တစ်ကောင်ရဲ့ တိုက်ခိုက်တာကို ခံလိုက်ရတယ်... အဲဒီ နဂါးငါးဖြူက အရမ်း သန်မာလွန်းတယ်... ကျွန်တော်တို့မှာ ပြန်လည် ခုခံနိုင်စွမ်း လုံးဝ မရှိခဲ့ဘဲ နောက်ဆုံးတော့ ကျွန်တော် တစ်ယောက်တည်း အသက်လုပြီး ထွက်ပြေးလွတ်မြောက်လာခဲ့တာပါ"

ထိုစကားကြားလိုက်ရသည်နှင့် ရှီရှောင်ယွမ်၏ အကြည့်များ ရုတ်တရက် တင်းမာသွားတော့သည်။

"နဂါးငါးဖြူ ဟုတ်လား"

"မင်း မြင်ခဲ့တာ သေချာရဲ့လား"

အသားမည်းမည်းနှင့်လူက အဆက်မပြတ် ခေါင်းညိတ်ပြလိုက်၏။

"ကျွန်တော် အမြင်မမှားပါဘူး... အဲဒီ သားရဲ ကောင်က ကျွန်တော့်ရဲ့ ဘယ်ဘက် လက်မောင်း ကို ကိုက်ဖြတ်သွားခဲ့တာပါ... ကျွန်တော် မှား စရာအကြောင်း လုံးဝ မရှိပါဘူး... အဲဒါ သေချာပေါက် နဂါးငါးဖြူ တစ်ကောင်ပါပဲ"

ရှီရှောင်ယွမ်က ဝမ်းမြောက်ဝမ်းသာဖြင့် အလျင်အမြန် ခေါင်းညိတ်ပြသည်။

"တကယ်လို့ မင်းပြောသလိုသာ အမှန်ဆိုရင် တော့ ဒီသဘော်ပျက်ကို အခုထိ ဘယ်သူမှ ရှာမ တွေ့ခဲ့တာ အံ့ဩစရာ မဟုတ်တော့ဘူး... ဖြစ်နိုင် တာက အရင်တုန်းက ဒီသဘော်ပျက်ကို ရှာတွေ့

ခဲ့တဲ့ လူတွေ အကုန်လုံး အဲဒီ နဂါးငါးဖြူရဲ့ ဗိုက်ထဲမှာပဲ ဇာတ်သိမ်းသွားကြတာ ဖြစ်လိမ့်မယ်"

"ဂိုဏ်းချုပ်က တကယ်ကို ဉာဏ်အမြော်အမြင်ကြီးမားလှပါတယ်... ကျွန်တော်လည်း အဲဒီအတိုင်းပဲ တွေးနေမိတာ" နှာခေါင်းချွန်ချွန်နှင့် လူက အလျင်အမြန် ထောက်ခံလိုက်၏။

ထို့နောက် သူက ဆက်လက် အကြံပြုလာသည်။

"ဂိုဏ်းချုပ်... တကယ်လို့ အဲဒီ နဂါးငါးဖြူက ဒီလောက် စွမ်းအားတွေ ပိုင်ဆိုင်ထားတယ်ဆိုရင် အသိဉာဏ်တောင် ပွင့်နေလောက်ပြီ... ဂိုဏ်းချုပ်သာ ဒီဝိညာဉ်ငါးကို ဖမ်းဆီးနိုင်ခဲ့မယ်ဆိုရင် ဂိုဏ်းချုပ်ရဲ့ စွမ်းအားတွေက မလွဲမသွေ နောက်တစ်ဆင့်ကို တက်လှမ်းသွားနိုင်မှာ သေချာပါ

တယ်"

"မင်းပြောတာ မှန်တယ်... သိုလှောင်ရုံထဲက သံရိုင်းတွေနဲ့ ယှဉ်လိုက်ရင် အသိဉာဏ်ပွင့်နေတဲ့ နဂါးငါးဖြူကမှ တကယ့် ရတနာအစစ်ပဲ... ထပ်ပြီး စဉ်းစားကြည့်ရရင် အဲဒီ နဂါးငါးဖြူက သူ့ရဲ့ ပိုင်နက်ကနေ မခွာချင်ဘူး ဆိုတော့ သူက ကောင်းကင်နဲ့ မြေကြီးရဲ့ ရတနာတစ်ခုခုကို စောင့်ကြပ်နေတာမျိုးလည်း ဖြစ်နိုင်တယ်" ရှီရှောင်ယွမ်က ကျေနပ်စွာ ပြန်ဖြေလေသည်။

"ကောင်းကင်နဲ့ မြေကြီးရဲ့ ရတနာတွေ ဟုတ်လား" နှာခေါင်းချွန်ချွန်နှင့် လူ၏ မျက်လုံးများ အရောင်လက်သွားတော့သည်။

"ဟုတ်တယ်... ကောင်းကင်နဲ့ မြေကြီးရဲ့ ရတနာတွေပဲ" ရှီရှောင်ယွမ်က ရှင်းပြလိုက်၏။

"ရှေးဟောင်း မှတ်တမ်းတွေ အရဆိုရင် တောရိုင်းနယ်မြေတွေထဲက ကောင်းကင်နဲ့ မြေကြီးရဲ့ ရတနာ တော်တော်များများမှာ ကိုယ်ပိုင် အစောင့်အရှောက်တွေ ရှိတတ်ကြတယ်... အဲဒီ အစောင့်အရှောက် သတ္တဝါတွေက ရတနာကို တခြားသူတွေ မယူနိုင်အောင် ကာကွယ်ပေး ထားသလို အချိန်တန်ရင် သူတို့ကိုယ်တိုင် စုပ်ယူဖို့အတွက်လည်း စောင့်ဆိုင်းနေတတ်ကြတာ"

"အဲဒီ နဂါးငါးဖြူမှာ ဒီလောက် ကြောက်စရာကောင်းတဲ့ စွမ်းအားတွေ ရှိနေတာက အထူးထောက်ပံ့မှု တစ်ခုခု မရှိဘဲနဲ့ ဒီအဆင့်အထိ ပြောင်းလဲ တိုးတက်လာစရာ အကြောင်းမရှိဘူး"

"တကယ်လို့ နဂါးငါးဖြူ စောင့်ကြပ်နေတဲ့ ကောင်းကင်နဲ့ မြေကြီးရဲ့ ရတနာသာ အမှန်

တကယ် ရှိနေခဲ့မယ် ဆိုရင်တော့... အဲဒါကမှ တကယ့် အဖိုးတန် ရတနာအစစ်ပဲ"

ထိုစကားကိုကြားသည်နှင့် နှာခေါင်းချွန်ချွန်နှင့်လူက အလျှင်အမြန် မြှောက်ပင့်ပြောလေသည်။

"ဂိုဏ်းချုပ်ကြီးကို ကြိုတင် ဂုဏ်ပြုလိုက်ပါတယ်ခင်ဗျာ..."

"ဒီအခွင့်အရေးနဲ့သာဆိုရင် ဂိုဏ်းချုပ်ကြီးအနေနဲ့ သိုင်းပညာ အဆင့်ခုနစ်ကို မလွဲမသွေ တက်လှမ်းနိုင်တော့မှာ သေချာပါတယ်... ပြီးတော့ ဂိုဏ်းချုပ်ကြီးရဲ့ ဦးဆောင်မှု အောက်မှာ ကျွန်တော်တို့ရဲ့ မြစိမ်းရောင်မြွေဂိုဏ်းက လော့ရွှေခရိုင်မှာ အကြီးကျယ်ဆုံး ဂိုဏ်းကြီး ဖြစ်လာမှာ မြေကြီးလက်ခတ် မလွဲပါပဲ"

ရှီရောင်ယွမ်တစ်ယောက် အားပါးတရ ကျယ်

လောင်စွာ ရယ်မောလိုက်တော့သည်။

"မင်းက တကယ် စကားပြောတတ်တာပဲ... ဒါပေမဲ့ မင်းပြောတဲ့စကားက လုံးဝမမှားဘူး"

"ဒီအခွင့်အရေးကိုသာ ငါရလိုက်မယ်ဆိုရင် သိုင်းပညာ အဆင့်ခုနစ်က ငါ့လက်တစ်ကမ်းမှာပဲ ရှိတော့မှာ... နောင်တစ်ချိန်ကျရင် မင်းတို့ကောင်တွေ အကုန်လုံးကို ကောင်းကောင်းစား၊ ကောင်းကောင်းသောက်ပြီး အလှဆုံး မိန်းမပျိုလေးတွေနဲ့ ပျော်ပါးနိုင်အောင် ငါ သေချာ စီစဉ်ပေးပါ့မယ်ကွာ"

"ဂိုဏ်းချုပ်ကြီးက တကယ့်ကို ဉာဏ်အမြော်အမြင် ကြီးမားပြီး အစွမ်းထက်လှပါတယ်" နှာခေါင်းချွန်ချွန်နှင့် လူက အဆက်မပြတ် မြှောက်ပင့်ဖားယား နေ

တော့သည်။

ချက်ချင်းပင်...

ရှီရှောင်ယွမ်၏ အကြည့်များက အသားမည်းမည်းနှင့် လူထံသို့ ပြန်လည် ကျရောက်သွား၏။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ထိုလူနှစ်ယောက်၏ စကားဝိုင်းကို တိတ်တဆိတ် နားထောင်နေခဲ့သော အသားမည်းမည်းနှင့် လူက ရှီရှောင်ယွမ် မေးလာချိန်တွင် လျင်မြန်စွာ ပြန်ဖြေလိုက်သည်။

"ကျွန်တော့်နာမည် ဟွမ်ဆန်းလို့ ခေါ်ပါတယ်"

ရှီရှောင်ယွမ်က ခေါင်းညိတ်၍...

"ဟွမ်ဆန်း... အခုကစပြီး မင်း ငါ့နောက်ကို လိုက်ခဲ့ရမယ်... ကန့်ကွက်စရာ တစ်ခုခု ရှိသေးလား"

"မရှိပါဘူးခင်ဗျာ"

ဟွမ်ဆန်း၏ ရင်ထဲတွင် အနည်းငယ် နာကြည်း မကျေနပ်မှုများ ရှိနေသော်ငြား သူက ဆန့်ကျင် ငြင်းဆန်၍ မရမှန်း ကောင်းစွာ သိရှိထားလေ သည်။ အထူးသဖြင့် သူ့မိသားစု တစ်ခုလုံးမှာ ယခုထိတိုင် မြစိမ်းရောင်မြွေဂိုဏ်း၏ ထိန်းချုပ်မှု အောက်တွင် ရှိနေသေးသည် မဟုတ်ပါလား။

ထို့ကြောင့် သူက အထစ်ထစ်အငေ့ါငေ့ါဖြင့် ထပ်မေးလေသည်။

"ဒါ... ဒါဆိုရင် ဂိုဏ်းချုပ်ကြီး... ကျွန်တော့်ရဲ့ မိသားစုက..."

သို့သော် ဟွမ်ဆန်း၏ စကားပင် မဆုံးလိုက်ချိန် ရှီရောင်ယွမ်က ကြားဖြတ် ပြောဆိုလိုက်သည်။

"စိတ်မပူစမ်းပါနဲ့... မင်းက အခုချိန်ကစပြီး

မြစိမ်းရောင်မြွေဂိုဏ်းရဲ့ လူတစ်ယောက် ဖြစ်သွားပြီပဲ... မင်းရဲ့ မိသားစုလည်း သေချာပေါက် ဘေးကင်းလုံခြုံနေမှာပါ"

"မင်းအနေနဲ့ ဂိုဏ်းအတွက် အကျိုးဆောင်ဖို့ကိုပဲ အာရုံစိုက်ထား... အချိန်တန်ရင် မင်းလည်း ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေနဲ့ နေထိုင်ရတဲ့ ဘဝကို ရောက်လာမှာပါ"

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး" ဟွမ်ဆန်းက လေးစားစွာ တုံ့ပြန်လိုက်၏။

ရှီရှောင်ယွမ်က ခေါင်းညိတ်ပြပြီးနောက် အမိန့်ပေးလေသည်။

"အဆင်သင့် ပြင်ထားကြ... မကြာခင် မင်း ငါနဲ့အတူ ရေအောက်ကို ငုပ်ဆင်းပြီး အဲဒီ သဘော်ပျက်ထဲကို ဝင်ရမယ်... ဟွမ်ဆန်း... မင်း

လမ်းသေချာ ပြန်နိုင်ဖို့ မျှော်လင့်တယ်"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး" ဟွမ်ဆန်းက ခေါင်းညိတ်လိုက်သည်။

ချက်ချင်းပင် သူက နှာခေါင်းချွန်ချွန်နှင့် လူ၏ ခေါင်းဆောင်မှု နောက်သို့ လိုက်ပါသွားပြီး သူ၏ ဒဏ်ရာကို ပတ်တီးဖြင့် ပြန်လည် စည်းနှောင်ရန် ထွက်ခွာသွားလေသည်။

အချိန်အနည်းငယ် အကြာတွင်...

လူတိုင်း ပြင်ဆင်မှုများ ပြုလုပ်ပြီးစီးသွားကြပြီး အပေါ်ထပ် ကုန်းပတ်ပေါ်သို့ အသီးသီး ပြန်လည် ရောက်ရှိလာကြတော့သည်။

End

***